မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

October 21, 2025 Volume 95, Number 12

## ၂၁. ၁၀.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၉.၆၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၈.၉၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၉.၅၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၁.၃၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၉၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၈၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၈၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၆.၆၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၁၀ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

# ပေါ်ဆန်းမွှေးကို ဧရာဝတီတိုင်းဒေသကြီး၏ Brand တစ်ခုအဖြစ် ဆောင်ရွက်ရန်လို



ပေါ်ဆန်းမွှေးကို ဧရာဝတီတိုင်းဒေသကြီး၏ Brand တစ်ခုအဖြစ် ဆောင်ရွက်ရန်လိုကြောင်း ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဧရာဝတီတိုင်းဒေသကြီး၊ပုသိမ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ရပ်မိရပ်ဖများအားအောက်တိုဘာ၁၉ ရက်နေ့ မွန်းလွဲပိုင်းတွင် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုသို့ဆွေးနွေးပြောကြားစဉ် စိုက်ပျိုးရေးနှင့်ပတ်သက်၍ မြေကိုစနစ်တကျ အသုံးချရန်လိုကြောင်းနှင့်ဧရာဝတီတိုင်းဒေသကြီး၏ လယ်စိုက်ပျိုးမြေ၏ ၁၀ ရာခိုင်နှုန်းခန့်သည် ရေနက်ကွင်းများဖြစ်သည့်အတွက်ရေနက်ကွင်းများအားမြေပြုပြင်သည့်လယ်စပါး စိုက်ပျိုးခြင်းနှင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လိုကြောင်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကပြောကြားခဲ့သည်။

ထို့ပြင် ရေနက်ကွင်းများကို စနစ်တကျ အသုံးချဆောင်ရွက်မည်ဆိုပါက သား၊ ငါးထုတ်လုပ်မှုကဏ္ဍတွင် ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ထိပ်ဆုံးတွင်ရှိနေမည်ဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း (၄)မျိုးဖြင့်စနစ်တကျ စိုက်ပျိုးကြရန်နှင့် လယ်မြေများအား ကေကွက်များအဖြစ် ဖော်ထုတ်နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်းလည်းထည့်သွင်းပြောကြားခဲ့သည်။

အလားတူ စပါးစိုက်ပျိုးမှုလုပ်ငန်းများယခုထက်ပိုမိုတိုးတက်ရေးအတွက်ကြိုးပမ်းဆောင်ရွက်စေလိုပြီး စပါးစိုက်ပျိုးမှုများကိုပင်ကြား၊တန်းကြားမှန်မှန်ကန်ကန်နှင့်ကောက်ကွက်ပြည့်မီအောင် ဆောင်ရွက်သွားကြရန်၊ တိုင်းဒေသကြီးအတွင်းရှိ လယ်မြေများအား မြေပြုပြင်၍ စိုက်ပျိုးသွားကြရန်နှင့် စိုက်ပျိုးရေးလုပ်ငန်းများကို ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး ဆောင်ရွက်ရန်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ပေါ်ဆန်းမွှေးသည် အမှန်တကယ်ကောင်းမွန်သည့်အမျိုးအစားဖြစ်သဖြင့် ပေါ်ဆန်းမွှေးကို တိုင်းဒေသကြီး၏ Brand တစ်ခုအဖြစ် ဆောင်ရွက်နိုင်ရန် လိုကြောင်းလည်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ထည့်သွင်းပြောကြားခဲ့သည်။

**Source :** https://www.npnewsmm.com/news/68f5befe071bd963e65740e5

## ပြည်ပဈေးကွက်ကို သရက်သီးအနှစ်များ ဦးစားပေး တင်ပို့ရန် စီစဉ်နေ



လာမဲ့သရက်ပို့ကုန်ရာသီမှာ ပြည်ပကို သရက်သီးအလုံးလိုက်အစားအနှစ်ကို ဦးစားပေးတင်ပို့ဖို့စီစဉ်နေကြောင်း မြန်မာ့သရက်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းကနေ သိရပါတယ်။

ပြည်ပဈေးကွက်အသစ်တွေ ရှာဖွေပြီး သရက်သီးအနှစ်တွေ တင်ပို့သွားမယ်လို့ အသင်းတာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

သရက်သီးအလုံးထက် အနှစ်ပြုလုပ်ပြီး တင်ပို့ရတာ ပိုမိုအဆင်ပြေကာ စည်သွပ်ဘူးတွေမှာ အအေးခံပြီး စမ်းသပ်တင်ပို့ခဲ့ရာ ဈေးကောင်းရရှိခဲ့တယ်လို့ ဆိုပါတယ်။

"နောက်နှစ်တော့ သရက်သီးအနှစ်ကို ဦးစားပေးတင်ပို့ဖို့ ပြင်ဆင်နေတယ်။ အသီးနဲ့ အနှစ်ယှဉ်ရင် အနှစ်ပို့ရတာ ပိုအဆင်ပြေတယ်။ အရင်ကတော့ စမ်းလုပ်ကြည့်တယ်။ မနှစ်ကမှ စပို့တာ"လို့ အသင်းတာဝန်ရှိသူက ပြောပါတယ်။

ပြည်ပဈေးကွက်ဝယ်လိုအားရှိတဲ့ စိန်တလုံး၊မချစ်စုနဲ့ပတ္တမြားငမောက် သရက်မျိုးတွေကို ရုရှားနဲ့ စင်ကာပူနိုင်ငံ အပါ အဝင်နိုင်ငံအချို့ကို အလုံးလိုက် နှစ်စဉ်တင်ပို့လျက်ရှိပါတယ်။

ပြီးခဲ့တဲ့နှစ် သရက်သီးရာသီမှာ လမ်းကြောင်းအခက်အခဲတွေကြောင့် အနည်းငယ်ပဲ တင်ပို့နိုင်ခဲ့ပြီး အရည်အသွေးပေါ်မူတည်ကာ တစ်တန်ကို ကျပ် ၁၀ သိန်းမှ သိန်း ၂၀ ကြား ဈေးရရှိခဲ့ပါတယ်။

သရက်သီးအနှစ်ကတော့ အမျိုးအစားအလိုက် တစ်တန်ကို ကျပ် ၁၅ သိန်းထက်မနည်း ပေါက်ဈေးရှိပြီး ပြည်တွင်းသာမက ပြည်ပမှာလည်းဝယ်လိုအားများနေကြောင်းမြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းကနေ သိရပါတယ်။

လက်ရှိမှာတော့ ရုရှားဝယ်လက်တွေက မြန်မာနိုင်ငံမှနှစ်စဉ်သရက်သီးအနှစ်တန်ချိန် ၁၀,၀၀၀ တင်သွင်းလိုကြောင်း အသိပေးထားတယ်လို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကနေ သိရပါတယ်။

**Source : BETV Business**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၃-၁၀-၂၀၂၅ မှ ၁၇-၁၀-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၆၇၁,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၂,၇၆၁,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၄၉၅,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၁၆,၀၀၀ ၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၂၄,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop)

ကျပ် ၁၀၀,၀၀၀ အသီးသီးဈေး မြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၇၀ လုံး (တန်ချိန် ၁၆၈၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၆၆ လုံး (တန်ချိန် ၃၉၈၄) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲကွန်တိန်နာ ၉၆ လုံး (တန်ချိန် ၂၃၀၄) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၇,၅၀၀၊ မြားနီ ကျပ် ၈,၅၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၇,၀၀၀ ၊ မိုးထောင်မြစ်ဝပု ကျပ် ၁၂,၀၀၀ နှင့် မြစ်ဝပု(သစ်) ကျပ် ၂၀,၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ် ပေါင်း ၉၀၀ (၁၈,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၁၅၀၀ (၃၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၆၀၀ (၁၂,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၅၈၀၀ နှင့် မန်ကျည်းအသား(သစ်)ကျပ် ၉၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာ နှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၅၇၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၀၀၀၊ ပခုက္ကူကြိမ်း (သစ်)ကျပ် ၅၇၀၀၊ ရေစကြို ထန်းလျက်(သစ်) ကျပ် ၇၂၀၀၊ ကြံသကာ ကျပ် ၅၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၆၅၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာမလိုင်(ဒုံး) ကျပ် ၇၀၀၊ ညောင်ဦး ဆေးရှယ်(ထန်း) ကျပ် ၅၀၊ ပခုက္ကူကြိမ်း (သစ်)ကျပ် ၅၀၀ နှင့် ရေစကြို ထန်းလျက် (သစ်) ကျပ် ၃၀၀ ဈေးမြင့်တက်ခဲ့ပြီး ကြံသကာ ကျပ် ၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၅၀ ဈေးကျဆင်းခဲ့သည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၃-၁၀-၂၀၂၅ မှ ၁၇-၁၀-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့ နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၈၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၆၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၁၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၆၅၀ ၊ မုံရွာသစ်ရှယ် ကျပ် ၂၀၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၁၆၅၀ ၊ မုံရွာလတ်သန့် ကျပ် ၁၃၀၀ နှင့် မုံရွာလတ်ချော ကျပ် ၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၅၀ ဈေးမြင့်တက်ခဲ့ပြီး ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၅၀၊ မုံရွာလတ်သန့် ကျပ် ၁၅၀ နှင့် မုံရွာလတ်ချော ကျပ် ၃၅၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကျန်အမျိုးအစားမှာ ဈေးငြိမ်လျက် ရှိသည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာယခင်အပတ်က ကားစီးရေ ၅၇ စီး(၃၄၂,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခု အပတ်တွင် ကားစီးရေ ၁၅၀ စီး (၉၀၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၉၃ စီး( ၅၅၈,၀၀၀

ပိဿာ)ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၁၀၀၀၊ အောင်ပန်းထူး -၂ ကျပ် ၄၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၀၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၆၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၇၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်းထူး -၂ ကျပ် ၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၅၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၂၀၀၀(၆၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၂၈၀၀ (၆၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၈၀၀ (၂၄,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

### အာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်မှ အာလူးများနေ့စဉ် ဝင်ရောက်လျက်ရှိရာ အာလူး(တစ်ပိဿာ)ဈေးနှုန်းများမှာ တရုတ်အာလူး ကျပ် ၆၇၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အာလူးများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၂၀ စီး (၁၂၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်လည်း ကားစီးရေ ၂၇ စီး ( ၁၆၂,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၇ စီး( ၄၂,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဈေးကျနေသည့် ခရမ်းချဉ်သီး



မကွေးမြို့ပေါ်ဈေးများတွင် ခရမ်းချဉ်သီးများ အကျဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ဈေးကျနေသော်လည်း အရောင်းအဝယ်မှာ ပုံမှန် ဖြစ်နေကြောင်း၊ ခရမ်းချဉ်သီးများ အဝင်များလာခြင်း၊ ဒေသထွက် ခရမ်းချဉ်သီးများ ဈေးကွက်ထဲသို့ ရောက်ရှိလာ၍ ဈေးကျရခြင်းဖြစ်ကြောင်း သိရသည်။

ရှမ်းသီးများမှာ ကြာရှည်အထားခံသော်လည်းဒေသအသီးမှာချက်ကောင်းခြင်း၊ စား၍ကောင်းခြင်းများကြောင့် ဒေသသီးကိုပို၍ ကြိုက်နှစ်သက်ကြသည်။

ယခုနှစ်မှာ မိုးများခြင်းကြောင့်အထွက်နှုန်းလည်းမကောင်း၊ ဈေးလည်းမကောင်းသည့် အတွက် ခရမ်းချဉ်စိုက်တောင်သူများ ယခင်နှစ်လောက်ဈေးမရပါ။ ပြည်ပဝယ်လိုအားမရှိသော်လည်း ပြည်တွင်းသုံးစွဲမှုများသည့် သီးနှံတစ်ခုဖြစ်သည်။ ခရမ်းချဉ်သီးကို အမျိုးမျိုးပြုလုပ်၍စားသုံးကြရာ ဟင်းချက်၍လည်းကောင်း၊ဆော့ချဉ်ပြုလုပ်၍လည်းကောင်း၊ သွားရည်စာမုန့်အနေဖြင့် ယိုထိုး၍လည်းကောင်း အမျိုးမျိုးစားသုံးလေ့ရှိကြသည်။

ယခုလက်ရှိဈေးကွက်ထဲတွင် ခရမ်းချဉ်သီးတစ်ပိဿာလျင် လက်လီဈေးအနေဖြင့် ၂၅၀၀ ကျပ် မှ ၂၈၀၀ ကျပ် ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး လက်ကားဈေးအနေဖြင့် ခရမ်းချဉ်သီး တစ်ပိဿာ ၁၈၀၀ ကျပ်မှ ၂၂၀၀ ကျပ် ဈေးများဖြစ်ကြောင်း သိရသည်။

**Source : မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/

## တရုတ်နိုင်ငံသည် သတ္တုပစ္စည်းများ၊ မြေရှားသတ္တုများ၊ ဘက်ထရီနှင့်ဆက်စပ်ပစ္စည်းများအပေါ် တင်ပို့မှုထိန်းချုပ်ရေးဆိုင်ရာ အစီအမံများကို ထုတ်ပြန်ကြေညာ

တရုတ်နိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် တရုတ်အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့တို့က ၉-၁၀-၂၀၂၅ ရက်နေ့တွင် သတ္တုပစ္စည်းများ(super hard materials)၊ မြေရှားသတ္တုကိရိယာ(rare earth equipment)နှင့် ကုန်ကြမ်းပစ္စည်းများ(materials)အပြင် ဘက်ထရီများ (batteries) အပေါ် တင်ပို့မှုထိန်းချုပ်ရေးဆိုင်ရာ အစီအမံများကို ထုတ်ပြန်ကြေညာခဲ့သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့မှစတင်၍ သတ္တုပစ္စည်းများ (superhard materials)၊ မြေရှားသတ္တုနှင့်ဆက်စပ်သော ကိရိယာများနှင့်ကုန်ကြမ်းပစ္စည်းများ(equipment and raw materials related to rare earths)၊ ဟိုလ်မီယမ်(holmium)အပါအဝင် အလတ်စားနှင့် လေးလံသော မြေရှားသတ္တုရိုင်း ငါးမျိုး(five medium and heavy rare earth elements)၊ လီသီယမ်ဘက်ထရီများ(lithium batteries)နှင့် သဘာဝမဟုတ်သော ဂရက်ဖိုက်သတ္တုပစ္စည်းများ (synthetic graphite anode materials)တင်ပို့မှုများကို ခွင့်ပြုချက်မရှိဘဲ တင်ပို့ခွင့်မပြုကြောင်း ဖော်ပြထားသည်။

အဆိုပါပစ္စည်းများ၏ နှစ်မျိုးသုံးသဘောသဘာဝ(dual-use nature) ကြောင့် တရုတ်နိုင်ငံသည် ဥပဒေများ(laws)နှင့် စည်းမျဉ်းစည်းကမ်းများ (regulations)နှင့်အညီ တင်ပို့မှုထိန်းချုပ်ရေးစီမံဆောင်ရွက်မှုများကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။

ယင်းသည် အပြည်ပြည်ဆိုင်ရာ ဘုံကျင့်ဝတ်(inter-national common practice)နှင့်ကိုက်ညီပြီး တရုတ်နိုင်ငံ၏ အမျိုးသားလုံခြုံရေးနှင့် အကျိုးစီးပွားများ(China's national security and interests)ကို ကောင်းစွာကာကွယ် စောင့်ရှောက်ခြင်းနှင့် အထူးသဖြင့် မပြန့်ပွားရေးအတွက် ၎င်း၏ ကတိ ကဝတ်(its commitment to non-proliferation) ကဲ့သို့သော ၎င်း၏ အပြည်ပြည်ဆိုင်ရာတာဝန်ဝတ္တရားများ(its international obligations)ကို ကောင်းမွန်စွာ လိုက်နာဆောင်ရွက်ခြင်းတို့နှင့် လိုက်လျောညီထွေမှုရှိစေရန်ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

တရုတ်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ စက်မှုလုပ်ငန်းနှင့် ထောက်ပံ့ရေးကွင်းဆက်များ(global industrial and supply chains)၏တည်ငြိမ်ချောမွေ့စွာလည်ပတ်မှုကိုထိန်းသိမ်းရန်အတွက်နိုင်ငံအားလုံးနှင့်ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အဆိုပါအစီအမံများသည် မည်သည့်နိုင်ငံ(သို့မဟုတ်)မည်သည့်ဒေသကိုမျှ ပစ်မှတ်ထားခြင်းမဟုတ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် စိစစ်မှုလုပ်ငန်းစဉ်ဆောင်ရွက်ပြီး တရားဝင်စည်းမျဉ်းနှင့် ကိုက်ညီသော တင်ပို့မှုလျှောက်ထားခြင်းများကို ခွင့်ပြုပေးမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံသည် အပြန်အလှန်ညှိနှိုင်းမှု(bilateral dialogue)နှင့် ဖလှယ်မှုယန္တရားများ(exchange mechanisms)မှတစ်ဆင့်သက်ဆိုင်ရာနိုင်ငံများနှင့်တင်ပို့မှုထိန်းချုပ်ရေးဆိုင်ရာမူဝါဒများ၊ လက်တွေ့ကျင့်သုံးမှုများအပေါ် ဆက်သွယ်ညှိနှိုင်းမှုများပြုလုပ်သွားရန်နှင့်စည်းမျဉ်းနှင့်ကိုက်ညီသောကုန်သွယ်မှုကိုပူးတွဲအားပေးမြှင့်တင်ရန်နှင့် အဆင်ပြေချောမွေ့စေရန် ဆန္ဒရှိကြောင်း ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**Source : https://en.people.cn/n3/2025/1010/c90000-20374885.html**

**လျှန်ရှန်းမှန်၊ စီးပွားရေးသံမှူး၊ ကူမင်းမြို့**

https://myantrade.gov.mm/

## ထိုင်းနိုင်ငံ၏မော်တော်ကားထုတ်လုပ်မှုသည် ဩဂုတ်လတွင် ၆ ဒသမ ၁၁ ရာခိုင်နှုန်းကျဆင်း



ထိုင်းနိုင်ငံ မော်တော်ကားထုတ်လုပ်မှုသည် ဩဂုတ်လတွင် ခရီးသည်တင်ကားများနှင့် ကုန်တင်ကားများ ပြည်ပသို့တင်ပို့မှု ကျဆင်းလာခြင်းကြောင့် နှစ်လဆက်တိုက် ကျဆင်းခဲ့ကြောင်း ထိုင်းစက်မှုလုပ်ငန်းများအဖွဲ့ချုပ် (FTI) ၏ စက်တင်ဘာလ ၂၃ ရက်နေ့ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

ထိုင်းမော်တော်ကားထုတ်လုပ်သူများသည် ပြီးခဲ့သည့်လက ယာဉ်အစီးရေ ၁၁၂,၃၆၆ စီးထုတ်လုပ်ခဲ့ရာ ယခင်နှစ်ကထက် ၆ ဒသမ၁၁ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဇူလိုင်လတွင် ၁၁ ဒသမ ၃၉ ရာခိုင်နှုန်းကျဆင်းမှုထက် လျော့နည်းခဲ့ကြောင်း FTI က ပြောကြားခဲ့သည်။

ထုတ်လုပ်မှုကျဆင်းရခြင်း၏ အကြောင်းရင်းမှာ ဘေးအန္တရာယ်ကင်းရှင်းရေး စက်ပစ္စည်းများ တပ်ဆင်ရန်အတွက် ပိုမိုတင်းကြပ်သောစည်းကမ်းများနှင့် ကုန်သွယ်ဘက်များက ချမှတ်ထားသော ကာဗွန်ထုတ်လုပ်မှုဆိုင်ရာ စည်းမျဉ်း များကြောင့်ဖြစ်ကြောင်း FTI ကပြောကြားခဲ့သည်။

အစိုးရ၏အခွန်လျော့ချမှုနှင့် ထောက်ပံ့ကြေးအောက်တွင် ယခင်တင်သွင်းမှုများကို ဖြည့်ဆည်းနိုင်ရန် လျှပ်စစ်ကား (EVs) များထုတ်လုပ်မှုကြောင့်ပြည်တွင်းဈေးကွက်ထုတ်လုပ်မှုမှာယခင်နှစ်ထက် ၄ ဒသမ ၁၁ ရာခိုင်နှုန်းတက်လာခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ပထမ ရှစ်လအတွင်း မော်တော်ယာဉ်ထုတ်လုပ်မှုသည် ယခင်နှစ်ထက် ၅ ဒသမ ၇၇ ရာခိုင်နှုန်း ကျဆင်းကာ ၉၄၇,၆၈၇ စီးသာ ရှိခဲ့သည်။ ပြည်တွင်းမော်တော်ကားရောင်းအားသည် ဩဂုတ်လတွင် ၅ လဆက်တိုက် မြင့်တက်ခဲ့ခြင်းဖြစ်ပြီး ယခင်နှစ်ကထက် ၅ ဒသမ ၃၈ ရာခိုင်နှုန်း တိုးတက်ကာ ၄၇,၆၂၂ စီးရှိခဲ့သည်။

ထိုင်းနိုင်ငံ၏ ကားတင်ပို့မှုသည် ဩဂုတ်လတွင် ယခင်နှစ်ထက် ၁၇ ဒသမ၃၇ ရာခိုင်နှုန်းကျဆင်း၍ ၇၁,၁၇၉ စီးရှိခဲ့သည်။ ၎င်းသည် လောင်စာဆီသုံးယာဉ်များ တင်ပို့မှုလျော့နည်းသွားခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/my/node/53414

TIR

## STOCK EXCHANGE (21.10.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st Oct. 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,627 (Shares) | 29,398,350 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 236 | 1,982,400 | 33,109,694 | 278,121 |
| MTSH | 00002 | 3,450 | +0 | +0.00% | 3,450 | 3,450 | 3,400 | 5,047 | 17,368,650 | 38,929,150 | 134,306 |
| MCB | 00003 | 7,700 | -400 | -4.94% | 7,700 | 7,700 | 7,700 | 1 | 7,700 | 10,400,986 | 80,088 |
| FPB | 00004 | 2,400 | -100 | -4.00% | 2,500 | 2,500 | 2,400 | 369 | 922,400 | 29,664,613 | 71,195 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 600 | 1,650,000 | 12,823,224 | 35,264 |
| EFR | 00006 | 1,850 | -50 | -2.63% | 1,800 | 1,850 | 1,800 | 2,563 | 4,664,800 | 19,977,223 | 36,958 |
| AMATA | 00007 | 3,500 | +50 | +1.45% | 3,550 | 3,550 | 3,500 | 470 | 1,660,000 | 10,497,598 | 36,742 |
| MAEX | 00008 | 3,350 | +0 | +0.00% | 3,400 | 3,400 | 3,350 | 341 | 1,142,400 | 23,804,946 | 79,747 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 21st Oct. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 398.91 | -4.03 | -1.00% | 403.07 | 403.32 | 398.91 | 9,627 | 29,398,350 | 8 | 752,421 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m. 21st Oct. 2025

| Trading Volume | Trading Value |
|---|---|
| 9,827 (Shares) | 29,948,350 (MMK) |

## Main Board

As of 1:00 p.m. 21st Oct. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,627 (Shares) | 29,398,350 (MMK) |

| MYANPIX | 398.91 ▼ 4.03 |
|---|---|
| Total Volume (shares) | 9,627 |
| Total Value (MMK) | 29 mil |
| Listed Company | 8 |
| Market Cap. (MMK) | 752,421 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 0 |
| MTSH | 00002 | 3,450 | ▲ 0 |
| MCB | 00003 | 7,700 | ▼ 400 |
| FPB | 00004 | 2,400 | ▼ 100 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 1,850 | ▼ 50 |
| AMATA | 00007 | 3,500 | ▲ 50 |
| MAEX | 00008 | 3,350 | ▲ 0 |